ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ)

စာအမှတ်၊ စသရ (ဗဟို) / ၂၀၁၄-၂၀၁၅ ( ၁၀၀၆ )
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊အောက်တိုဘာလ ၂၂ ရက်

သို့

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး
ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး
ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး
မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး

အကြောင်းအရာ။ လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ စားသုံးသူအကာ အကွယ် ပေးရေးဥပဒေ ပုဒ်မ ၁၆ အရ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁ / ၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ထုတ်ပြန်ဖွဲ့စည်းခဲ့ပါသည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွဲ့စည်းထားသည့် စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ အပိုဒ် ၃ (ဆ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များလက်အောက်တွင် စားသုံးသူတိုင်ကြားမှုလက်ခံ ဆောင် ရွက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို နောက်ဆက်တွဲ (က) ဖြင့် လည်းကောင်း၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်း တာဝန်များကို နောက်ဆက်တွဲ (ခ) ဖြင့်လည်းကောင်း ဖွဲ့စည်းဆောင်ရွက်သွားရန် အကြောင်းကြား အပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ညွှန့်အောင်၊ အတွင်းရေးမှူး)

မိတ္တူကို

- ပြည်ထောင်စုဝန်ကြီးရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
- ညွှန်ကြားရေးမှူးချုပ်ရုံး၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန
- ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ စားသုံးသူရေးရာဌာန
- တိုင်းဒေသကြီးနှင့်ပြည်နယ် ဦးစီးမှူးရုံးများ
- လက်ခံစာတွဲ
- မျှောစာတွဲ

နောက်ဆက်တွဲ (က)

## ၁။ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁။ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းပါသည် -

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ပေးအပ်သော ဌာနဆိုင်ရာကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဂ) | စားသုံးသူကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) | ကျွမ်းကျင်ပညာရှင်များ | အဖွဲ့ဝင် |
| (စ) | စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဆ) | လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌမှ လိုအပ်ချက်အရ ထပ်မံထည့်သွင်း ဖွဲ့စည်းမည့် ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်စားသုံးသူရေးရာ ဌာနမှတာဝန်ပေးအပ်သည့် ကိုယ်စားလှယ်အရာရှိ | အတွင်းရေးမှူး |

၂။ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စားသုံးသူတိုင်ကြားမှုများအား တိုင်ကြားမှုပုံစံနှင့်အညီ တိုင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) စားသုံးသူ တိုင်ကြားမှုအပေါ် လက်ခံဆောင်ရွက်ပေးခြင်း နှင့် ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဂ) စားသုံးသူတိုင်ကြားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများသည် စားသုံးသူအပေါ် အမှန်တကယ် ထိခိုက်နစ်နာမှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးခြင်း၊

(ဃ) အငြင်းပွားသူအချင်းချင်း သဘောတူညီမှုရရှိရေးအတွက် အကြံဉာဏ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) စားသုံးသူအငြင်းပွားမှုစုံစမ်းစစ်ဆေးရာတွင် ကျွမ်းကျင်ပညာရှင်အဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ခြင်း၊

(စ) ဈေးကွက်အတွင်းရှိ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများသည် စားသုံးသူအား ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေပါက သင့်လျော်သော အရေးယူဆောင်ရွက်မှု ပြုလုပ်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာအား ဆက်လက်ပေးပို့ဆောင်ရွက်ခြင်း၊

(ဆ) တိုင်ကြားသူ၏ ပုဂ္ဂိုလ်ရေးရာသတင်းအချက်အလက်နှင့် တိုင်ကြားမှုဆိုင်ရာ သတင်းအချက်အလက်တို့ကို လျှို့ဝှက်စွာထိန်းသိမ်းထားရှိခြင်း၊

(ဇ) အငြင်းပွားတိုင်ကြားမှုအား တိုင်ကြားသူမှ ပြန်လည်ရုပ်သိမ်းပါက ပြန်လည် ရုပ်သိမ်းသည့် အကြောင်းအရာ အချက်အလက်များကို မှတ်တမ်းတင်ထားရှိခြင်း၊

(ဈ) စားသုံးသူတိုင်ကြားဆက်သွယ်နိုင်သည့် နည်းလမ်းများကို အများပြည်သူ သိရှိစေရန် သတင်းအချက်အလက်များထုတ်ပြန်ကြေညာခြင်း၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ညွှန်ကြားချက် နှင့် ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း။

နောက်ဆက်တွဲ (ခ)

## ၂။ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁။ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းပါသည်-

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ မှတာဝန်ပေးအပ်သော ဌာနဆိုင်ရာကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဂ) | စားသုံးသူကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) | ကျွမ်းကျင်ပညာရှင်များ | အဖွဲ့ဝင် |
| (စ) | စက်မှုဇုန်များမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဆ) | စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များမှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဇ) | လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များမှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌမှ လိုအပ်ချက်အရ ထပ်မံထည့်သွင်း ဖွဲ့စည်းမည့် ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စားသုံးသူရေးရာ ဌာနမှတာဝန်ပေးအပ်သည့် ကိုယ်စားလှယ်အရာရှိ | အတွင်းရေးမှူး |

၂။ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်တွင်းမှထုတ်လုပ်သောကုန်စည်များနှင့် ပြည်ပမှ ဝင်ရောက်လာသော ကုန်စည်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းဈေးကွက်အတွင်းရှိ လုံခြုံစိတ်ချရမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများတွေ့ရှိသည်ဟု သတင်းရရှိပါက မှန်ကန်မှုရှိ၊ မရှိ ကွင်းဆင်း လေ့လာ စစ်ဆေးခြင်းနှင့် စစ်ဆေးစဉ်ကာလအတွင်း လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်

သို့မဟုတ် ဝန်ဆောင်မှုများအား ဆက်လက်ဖြန့်ဖြူးရောင်းချခြင်း မရှိစေရန် သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုစေရန် ကန့်သတ် ထိန်းချုပ်ခြင်း၊

(ဂ) လုံခြုံစိတ်ချရမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စားသုံးသူအခွင့်အရေးကာကွယ်ရေးအဖွဲ့သို့ အစီရင်ခံစာ တင်ပြခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေးအတွက် ကြီးကြပ်စစ်ဆေးခြင်း၊

(င) လုံခြုံစိတ်ချရမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များအား ဖြန့်ဝေပေးခြင်း၊

(စ) လုံခြုံစိတ်ချရမှုရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စားသုံးသူအနေဖြင့် မှန်ကန်စွာ ရွေးချယ်ဝယ်ယူနိုင်စေရန် အကြံဉာဏ်ပေးခြင်း၊

(ဆ) ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းမည့် သို့မဟုတ် ပိတ်ပင်မည့် ကုန်စည်များအတွက် သတိပေးထုတ်ပြန်ကြေညာခြင်း လုပ်ငန်းစဉ်များအား တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးခြင်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စားသုံးသူအခွင့်အရေးကာကွယ်ရေးအဖွဲ့၏ ညွှန်ကြားချက်နှင့် ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း။